# အကုသိုလ်စိတ်များ နိဂုံး

# အကုသိုလ်စိတ် အနှစ်ချုပ်

| | ဝေဒနာ | သမ္ပယောဂ | သင်္ခါရ |
|---|---|---|---|
| လောဘမူလ | သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိက |
| | | | သသင်္ခါရိက |
| | | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိက |
| | | | သသင်္ခါရိက |
| | ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိက |
| | | | သသင်္ခါရိက |
| | | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိက |
| | | | သသင်္ခါရိက |
| ဒေါသမူလ | ဒေါမနဿသဟဂုတ် | ပဋိဃသမ္ပယုတ် | အသင်္ခါရိက |
| | | | သသင်္ခါရိက |
| မောဟမူလ | ဥပေက္ခာသဟဂုတ် | ဝိစိကိစ္ဆာသမ္ပယုတ် | |
| | | ဥဒ္ဓစ္စသမ္ပယုတ် | |

# ကာမစ္ဆန္ဒနီဝရဏ



၁) အသုဘနိမိတ္တဿ ဥဂ္ဂဟော - အသုဘနိမိတ်ကို သင်ယူခြင်း၊

၂) အသုဘဘာဝနာနုယောဂေါ - အသုဘဘာဝနာကို အားထုတ်ခြင်း၊

၃) ဣန္ဒြိယေသု ဂုတ္တဒွါရတာ - ဣန္ဒြေခြောက်ပါး စောင့်စည်းခြင်း၊

၄) ဘောဇနေ မတ္တညုတာ - ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း၊

၅) ကလျာဏမိတ္တတာ - ဆရာကောင်း သမားကောင်း စသော ကလျာဏမိတ် ရှိခြင်း၊

၆) သပ္ပါယကထာ - လျောက်ပတ်သော စကားကို ပြောဆိုခြင်း။

# ဗျာပါဒနီဝရဏ



၁) မေတ္တာနိမိတ္တဿ ဥဂ္ဂဟော- ဩဒိဿက စသော မေတ္တာကို သင်ယူခြင်း၊

၂) မေတ္တာဘာဝနာနုယောဂေါ - မေတ္တာဘာဝနာကို အဖန်တလဲလဲ အားထုတ်ခြင်း၊

၃) ကမ္မဿကတာပစ္စဝေက္ခဏာ - ကံသာလျှင် မိမိဥစ္စာ ရှိသည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊

၄) ပဋိသင်္ခါနဗဟုလတာ - ဒေါသ၏ အပြစ်, မေတ္တာ၏ အကျိုးကို ကောင်းစွာသိခြင်း၊

၅) ကလျာဏမိတ္တတာ - မေတ္တာဘာဝနာ၌ မွေ့လျော်သော မိတ်ဆွေကောင်း ရှိခြင်း၊

၆) သပ္ပါယကထာ - လျောက်ပတ်သော စကားကို ပြောဆိုခြင်း။

# ဥဒ္ဒေသ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ နီဝရဏ



၁) ဗဟုသုတတာ - အကြားအမြင် ဗဟုသုတရှိခြင်း၊

၂) ပရိပုစ္ဆကတာ - အဖန်ဖန်အထပ်ထပ် မေးမြန်းခြင်း၊

၃) ဝိနယေ ပကတညုတာ - ဝိနည်းအဆုံးအဖြတ်၌ ကျွမ်းကျင်ခြင်း၊

၄) အဓိမောက္ခဗဟုလတာ - ယုံကြည်မှုများခြင်း၊

၅) ကလျာဏမိတ္တတာ - မိတ်ဆွေကောင်း ရှိခြင်း၊

၆) သပ္ပါယကထာ - လျောက်ပတ်သော စကားကို ပြောဆိုခြင်း။

# ပယ်ခြင်း ငါးမျိုး



၁) တဒင်္ဂပဟာန - ဝိပဿနာရှုခိုက် ကိလေသာတို့ကို အခိုက်အတန့် ပယ်ခြင်း၊

၂) ဝိက္ခမ္ဘနပဟာန - ဥပစာရ, အပ္ပနာသမာဓိဖြင့် နီဝရဏ စသည်တို့ကို ပယ်ခြင်း၊

၃) သမုစ္ဆေဒပဟာန - မဂ်ဖြင့် ကိလေသာတို့ကို ပယ်ခြင်း၊

၄) ပဋိပဿဒ္ဓိပဟာန - ဖိုလ်ဖြင့် ကိလေသာတို့ကို ငြိမ်းစေခြင်း၊

၅) နိဿရဏပဟာန - နိဗ္ဗာန်၏ သင်္ခါရတရားတို့မှ လွတ်မြောက်ခြင်း။